

မင်းစာပေ
စွဲမက်သျှင်
လုံးချင်းဝတ္ထုသစ်
တာဝိယမြောက်ကြွင်းယာတော်
ပန်းချီ သိန်းဒေ

တတိယမြောက် ကြင်ရာတော်
စွဲမက်သျှင်
အခန်း (၁)

**ငွေစင်**

**ရွှေစင်ဆုံးပြီ အမြန်လာပါ။**

အမေ

တိုတောင်းသော ကြေးနန်းစာကို ကြည့်ပြီး ငွေစင်မေက အံ့သြတုန်လှုပ်ရသည်။

ဘယ်လိုမှ ယုံကြည်ကြည့်လိုမရ။

ဒါဟာ တစ်စုံတစ်ယောက်ရဲ့ နောက်ပြောင် ကျီစယ်မှုလား။ ဒါမှမဟုတ် မလိုမုန်းထားသူ တစ်ယောက်ရဲ့ စနက်တစ်ခုခုပါပဲဟု သူမ ထင်လိုက်သည်။

ကြေးနန်းရိုက်လိုက်သည့် လိပ်စာသည် ပြင်ဦးလွင်မြို့မှ ဖြစ်သည်။

အမေသည်လည်း ရွှေစင်မေ၏ မင်္ဂလာဆည့်ခံပွဲအတွက် ပြင်ဦးလွင်သို့ ရောက်နေလေသည်။

ဒါဆိုရင် ဒီကြေးနန်းကို အမေရိုက်တာပဲလား။

အို ... မဖြစ်နိုင်ဘူး။

ရွှေစင်က ဘာကြောင့် သေရမှာလဲ။

ရန်ကုန်တွင် မင်္ဂလာဆောင်ပြီး ပျော်ရွှင်ကြည်နူးစွာဖြင့် ပြင်ဦးလွင်သို့ ရွှေစင် လိုက်ပါသွားခဲ့တာ ဖြစ်သည်။ ပြင်ဦးလွင်တွင် ဧည့်ခံပွဲ ထပ်လုပ်ဦး

မှာမို့ အမေပါ ရွှေစင်တို့နှင့် အတူ လိုက်သွားခဲ့တာ ဖြစ်လေသည်။

ထိုခရီးတွင် ရွှေစင်တစ်ယောက်တည်း ပျော်ရွှင်တာမဟုတ်။ နောက်ဆုံးပေါ် ကားလှလှကြီးနှင့် လိုက်ပါသွားခဲ့သည့် အမေပါ ပျော်ရွှင်နေခဲ့တာ ဖြစ်သည်။

သူမသာ အလုပ်မှ ခွင့်ယူလို့ မရသည့်အတွက် ရန်ကုန်အိမ်တွင် ကျန်ရစ်ခဲ့ခြင်း ဖြစ်လေသည်။

အမေနှင့် ရွှေစင် သွားကြတာ ရက်သတ္တပတ်ပင် မရှိသေး။

အခု ရွှေစင်ဆုံးပြီ အမြန်လာပါဆိုသည့် သံကြိုးစာ ရောက်လာခြင်း ဖြစ်၏။

မယုံကြည်နိုင်သည့် စိတ်အဖြစ်အပျက်ကို ငြင်းဆန်သည့် စိတ်များဖြင့် ကတုန်ကယင် ဖြစ်နေသည့် ငွေစင်က ရွှေစင်၏ မင်္ဂလာဖိတ်စာကို ခပ်မြန်မြန်ရှာပြီး ရွှေစင့်အမျိုးသား၏ လိပ်စာကို ကြည့်မိသည်။

ဦးစဝ်ရွှေကြာ

အမှတ် (   )

ပြင်ဦးလွင်၊ နောင်ချိုလမ်း

ပြင်ဦးလွင်မြို့

မှတ်သားရလွယ်သည့် လိပ်စာကို ခေါင်းထဲသို့ ထည့်လိုက်ပြီး အဝတ်သုံးလေးစုံ ထည့်လို့ရသည့် အိတ်တစ်လုံးကို ယူကာ သင့်လျော်မည့် အဝတ်အချို့ကို ရွေးချယ် ထည့်လိုက်သည်။

ရွှေစင်ဆုံးပြီ ဆိုတာကို ယုံသည်ဖြစ်စေ မယုံသည်ဖြစ်စေ ပြင်ဦးလွင်သို့ လိုက်သွားရပါလိမ့်မည်။ ဘာကြောင့်လဲဆိုတော့ သူမတွင် ဒီအမေနှင့် ဒီအစ်မသာ ဆွေမျိုးရင်းချာ အဖြစ် ရှိလို့ပဲဖြစ်သည်။

တကယ်တော့ ငွေစင်သည် ပြင်ဦးလွင်သို့ တစ်ခါမျှမရောက်ဖူးခဲ့ပါ။

ထို့ကြောင့် ...

ဘယ်လိုသွားရမည် ဆိုတာရယ် ခရီးစရိတ် ဘယ်လောက် ကုန်ကျနိုင်သည် ဆိုတာရယ်ကို စဉ်းစားရတော့မည်။ ငွေစင့်ထံတွင် ပိုက်ဆံများများစားစား မရှိ၊ သူမတို့ သားအမိသုံးယောက်သည် ဆင်းရဲနွမ်းပါးစွာ နေထိုင်ရသူများ ဖြစ်လေသည်။

သူမသည် ပွဲရုံတစ်ရုံတွင် စာရင်းကိုင်အလုပ်ကို လုပ်သည်။ ရွှေစင်သည် စားသောက်ဆိုင်တွင် စည့်ကြိုလုပ်သည်။ အမေကတော့ ကျန်းမာရေး သိပ်မကောင်းသည့်အတွက် အိမ်မှာပဲနေ၍ သူမတို့ အပ်သည့်လခကို ခြိုးခြံချွေတာစွာ စီမံခန့်ခွဲရသူ ဖြစ်လေသည်။

အခုမှ ရွှေစင်က ပြင်ဦးလွင်မှ သူဌေးနှင့် လက်ထပ်ကာ သူဌေးကတော်အသစ်စက်စက် ကလေးအဖြစ် ပြင်ဦးလွင်တို့ ရွှင်ပျမြူးထူးစွာ ပါသွားခြင်း ဖြစ်လေသည်။ သူဌေးကတော် ဖြစ်ခါစမို့ သူမကိုလည်း မုန့်ဖိုးများများစားစား ပေးမသွားနိုင်ခဲ့ပါ။ ဒီတော့ ငွေစင့်လက်ထဲတွင် ပြင်ဦးလွင်အထိ ရောက်အောင် သွားဖို့ငွေမရှိ။

ဒါပေမဲ့..

မဖြစ်မနေတော့ သွားရပါလိမ့်မည်။

တွေဝေနေလို့မဖြစ် ..

နောက်ဆုံးတော့ ငွေစင်မေက သူမနားတွင် ပန်ဆင်ထားသည့် နားကပ်လေးကို ခရီးစရိတ်အတွက် ရောင်းချဖို့ ဆုံးဖြတ်လိုက်ရတော့သည်။

သေချာတာကတော့ ရွှေစင်ဆုံးပြီ ဆိုတာကို လုံးဝ မယုံကြည်သောကြောင့် သူမက ငိုလို့မရသေးခြင်းပဲ ဖြစ်လေသည်။

***

အခန်း (၂)

ရန်ကုန်၊ မန္တလေးကားပေါ် ရောက်မှ ‘ ရွှေစင်မေက သက်ပြင်းချမိသည်။

ကြိုတင်စီစဉ်ထားသည့် ခရီးမဟုတ်သောကြောင့် ကားလက်မှတ် ဝယ်ရတာကအစ ဒုက္ခသုက္ခတွေ ဖြစ်ခဲ့ရ၏။

ကြိုတင်ဝယ်တာ မဟုတ်သည့်အတွက် ကားလက်မှတ်က အလွယ်တကူ မရှိပါ။ ရပြန်တော့လည်း ကားနောက်ပိုင်းမှာ ရခြင်းဖြစ်သည်။ နေရာကောင်း မဟုတ်တော့ပါ။

ဒါပေမဲ့ ...

ကားလက်မှတ်ဝယ်လို့ရတာကိုပဲ ကျေးဇူးတင်ရပါလိမ့်မည်။

ဒါတောင် ထိုင်ခုံနှစ်ခုံ ဝယ်ထားသည့် ခရီးသည်က သူမကို လက်မှတ်ပြန်ရောင်းလို့ အဆင်ပြေတာ ဖြစ်သည်။

လောလောဆယ်တွင် နှစ်ယောက်ထိုင်ခုံ၌ သူမတစ်ယောက်တည်းပဲ ထိုင်နေရတာ ဖြစ်သည်။

ခုထိ သူမကို လက်မှတ်ပြန်ရောင်းသည့် ခရီးသည်ရောက်မလာသေးပါ။

ငွေစင်က နံဘေးမှ ခရီးသည်ကို ခဏပဲ စိတ်ဝင်းစားနိုင်ပြီး သူမ၏ အတွေးများက အမေနှင့် ရွှေစင်ဆီ ပြန်ရောက်သွားရပြန်သည်။

ရွှေစင် သေပြီတဲ့ ...

သူမက ကြေးနန်းစာလေးကို ထုတ်ကြည့်မိပြန်သည်။ ယုံကြည်လို့တော့ မရသေး။ မင်္ဂလာ ဆောင်တုန်းက သွက်လက်ရွှင်ပျနေသည့် ရွှေစင်မျက်နှာ

လေးကို ပြန်မြင်ယောင်မိသည်။ ဝမ်းသာ အားရဖြင့် ရွှေစင်ပြောခဲ့သည့် စကားလေးကိုလည်း ပြန်ကြားယောင်နေမိသေး၏။

စိတ်မပူနဲ့တော့ ငွေစင် နင်နဲ့အမေ့ကို ငါချမ်းချမ်းသာသာ ထားနိုင်တော့မှာဟ အခု ငါသူဌေးကတော် ဖြစ်ပြီလေ စိတ်ချ ငါတို့မိသားစုရဲ့ ဆင်းရဲတဲ့ ဘဝကို ပြောင်းပြန်လှန်ပစ်မယ်။

ထိုစကားတွေကို ရွှေစင်က အားကြိုးမာန်တက် ပြောခဲ့တာ ဖြစ်လေသည်။

သူမတို့ ညီအစ်မသည် ခုနစ်မိနစ်သာကွာပြီး မွေးဖွားလာခဲ့ကြသည်။ အမြွှာများ ဖြစ်ကြ သော်လည်း စိတ်သဘောချင်းကတော့ ဆန့်ကျင်ဘက် ဖြစ်သည်။

ငယ်ငယ်ကတည်းက ရွှေစင်မေက ချမ်းသာချင်သည်။ လှလှပပ ကြွကြွရွရွ နေချင်သည်။ ကောင်းပေ့ဆိုသည့် အစားအစာတွေကိုပဲ စားချင်သည်။ အဝတ်အစားကိုလည်း ကိုယ်နဲ့ လိုက်ဖက်အောင် ရွေးချယ်ဝတ်ဆင်ပြီး အထက်တန်းကျကျ နေထိုင်ချင်သူ ဖြစ်သည်။

သို့သော် ...

သူမတို့၏ ဘဝပေး အခြေအနေက နုံချာလွန်းလှလေသည်။ အမေသည် သူမတို့ ညီအစ်မကို မမွေးဖွားခင် ကတည်းက မုဆိုးမ ဖြစ်ခဲ့ရတာ ဖြစ်သည်။

ထို့ကြောင့် ...

ရွှေစင်က ချမ်းသာဖို့အတွက် လူချမ်းသာကို ရွေးချယ် လက်ထပ်ဖို့ မျှော်လင့်ချက် ထားခဲ့ခြင်း ဖြစ်လေသည်။

ရွှေစင် မျှော်လင့်ရည်ရွယ်သည့် အတိုင်းလည်း လူချမ်းသာကို လက်ထပ်နိုင်ခဲ့သည်။

ရွှေစင်သည် အခွင့်အရေးကို အသုံးချတတ်သလို အခြေအနေကို နားလည်သူလည်း ဖြစ်သည်။ ဆုံးဖြတ်ချက်ကိုလည်း လျင်မြန် ပြတ်သားစွာ ချတတ်သူဖြစ်သည်။

ထို့ကြောင့်လည်း ရွှေစင်သည် ပြင်ဦးလွင်မှ သူဌေးကို မြန်ဆန်စွာ လက်ထပ်ဖြစ်ခဲ့ခြင်းပဲ ဖြစ်သည်။

ဥစ္စာပေါ ရုပ်ချော ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်၊ ဦးစဝ်ရွှေကြာသည် ရွှေစင်ထက် အသက် ဆယ့်ငါးနှစ်လောက် ကြီးသည်။

ဒါပေမဲ့ ကျိုကျိုတက် ချမ်းသာသူမို့ အသက်နှင့် မမျှအောင် အရွယ်က နုပျိုလေသည်။

ရွှေစင် ဧည့်ကြိုလုပ်သည့် စားသောက်ဆိုင်တွင် ဦးစဝ်ရွှေကြာက ထမင်းလာစားရင် ရွှေစင်ကို သဘောကျသွားခဲ့ခြင်း ဖြစ်သည်။

"ငွေစင်ရေ အချစ်ဆိုတာ ဘာမှန်းတော့ မသိပါဘူးဟာ ဒါပေမဲ့ ရလာတဲ့ အခွင့်အရေးကိုတော့ လက်လွှတ်ခံလို့ မဖြစ်ဖူးဟ၊ ဦးစဝ်ရွှေကြာက အရမ်းချမ်းသာတာတဲ့ ဒါကြောင့် ငါ သူ့အချစ်ကို လက်ခံလိုက်တော့မယ်"

ဟု ရွှေစင်ပြောတုန်းက သူမသည် ရွှေစင်တို့ ဟန့်တားမိသေးသည်။

"အဲဒီလူအကြောင်း သေချာစုံစမ်း ကြည့်ပါဦး ရွှေစင်ရယ်၊ နင်စဉ်းစားကြည့်စမ်း ဒီလောက် ချမ်းသာတဲ့ လူတစ်ယောက်ဟာ ဒီအရွယ်အထိ အိမ်ထောင်မပြုဘဲ နေမှာတဲ့ သူမစကားကို ရွှေစင်က သဘောကျစွာ ရယ်မောပစ်ခဲ့သည်။

"သိပ်မတုံးစမ်းပါနဲ့ ငွေစင်ရာ၊ သူ့ ဘာသာသူ လက်ထပ်ဖူးချင်လဲ ဖူးမယ်၊ ဒါ အရေးမကြီးပါဘူး။ အရေးကြီးတာက လောလောဆယ်မှာ လွတ်လပ်တဲ့ ယောကျ်ားတစ်ယောက် ဖြစ်နေဖို့ရယ်၊ ကိုယ့်ကို လိုလိုချင်ချင် လက်ထပ်ဖို့

ရယ် ဒါပဲ ပေါ့ .."

"နင်ပြောသလိုဆိုရင် ငွေစင်ရယ် အလုံးစုံ အပြစ်ကင်းပြည့်စုံတဲ့ ယောကျ်ားဆိုတာ ဝတ္ထုတွေထဲမှာပဲ ရှိတာဟ။

အပြင်လောကမှာ တကယ်မရှိဘူး။ ဒါကြောင့် ကိုယ်အလိုချင်

ဆုံးက ဘာလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြတ်ပြတ်သားသားမေးပြီး ရဲရဲရင့်ရင့် ဆုံးဖြတ်နိုင်ဖို့ပဲ လိုတာ။ ငါကတော့ ချမ်းသာချင်တယ်။ ဒါကြောင့် ဦးစဝ်ရွှေကြာကို လက်ထပ်မယ်"

သူမသည် ရွှေစင်မေ၏ ပြတ်သားမှုကို လိုက်လို့မမီခဲ့ပါ။ အဲဒါကိုက သူမတို့ ညီအစ်မ နှစ်ယောက်၏ ခြားနားချက်လည်း ဖြစ်နေသည်။

ငွေစင်က ရောင့်ရဲလွယ်သည်။

ချမ်းသာကြွယ်ဝဖို့ထက် စိတ်ချမ်းသာ အေးချမ်းစွာပဲ နေချင်သူ ဖြစ်သည်။

သူဌေးကတော် လုပ်လိုသည့် ဆန္ဒလည်း သူမထံတွင်မရှိ။ သူမက အေးချမ်းစွာ ရှင်သန်နေထိုင်ချင်ပြီး အိမ်ထောင်ရေးကိုလည်း နှလုံးသားဖြင့်ပင် ရွေးချယ်မည်ဟု ဆုံးဖြတ်ထားသူ ဖြစ်သည်။

လောကမှာ ငွေထက် အရေးကြီးသည့် အရာပေါင်းများစွာ ရှိသည်။ ငွေကြေးက လုပ်မပေး နိုင်သည့် အရာပေါင်းများစွာကလည်း ရှိသည်။

နောက် လူ့ဘဝဆိုတာ တိုတောင်းလွန်းသည်။ တိုတောင်းသည့် ဘဝသက်တမ်း တစ်လျှောက် ငွေကြေးနောက်သို့ 'လေးဖက်ထောက် လိုက်နေရမှာမျိုးကို သူမက မလိုလားပါ။

သူမနှင့် စိတ်သဘောထားခြင်း ဘယ်လိုမှ မတူခဲ့သည့် ရွှေစင်သည် တွေ့ကြုံသိကျွမ်းပြီး တစ်လသာသာ အချိန်အတွင်းမှာပင် ဦးစဝ်ရွှေကြာကို လက်ထပ်လိုက်လေတော့သည်။

ရွှေစင်ဖြစ်စေချင်သလိုပင် ခမ်းနားကြီးကျယ်သည့် မင်္ဂလာပွဲကို ဦးစဝ်ရွှေကြာက ငွေကုန်ကြေးကျ ခံကာ ကျင်းပပေးခဲ့သည်။

လက်ထပ်ပြီးတာနှင့် ရွှေစင်က ပြင်ဦးလွင်သို့ သျှောင်နောက် ဆံထုံးပါတော့သည်။

ပြင်ဦးလွင်တွင် မင်္ဂလာဧည့်ခံပွဲ ထပ်လုပ်ဦးမှာမို့ ရွှေစင်တို့နှင့်အတူ အမေပါ လိုက်သွားခဲ့ခြင်း ဖြစ်သည်။ သူမကတော့ အလုပ်မှ ခွင့်မရလို့ ကျန်ရစ်ခဲ့ရလေသည်။

ဒါတောင် ရွှေစင်က သူမကို အလုပ်ထွက်ပစ်တော့ဟု တဖွဖွ တိုက်တွန်းပြီး ပြင်ဦးလွင်သို့ အပါခေါ်နေတာ ဖြစ်သည်။

"နင် နေသားကျမှပဲ ခေါ်ပါဟာ"ဟု တောင်းပန်ခဲ့ရတာ အမောပင်ဖြစ်၏။

အမေနှင့် ရွှေစင် ပြင်ဦးလွင်ကို သွားတာပင် မကြာသေး။

အခုတော့ ရွှေစင်ဆုံးပြီတဲ့ ...

"မဟုတ်ဘူး လုံး၀ မဟုတ်ဘူး မယုံဘူး"

မျက်စိစုံမှိတ်၍ တွေးတောနေရင်းမှ ငွေစင်က စိတ်လှုပ်ရှားလွန်းပြီး ပါးစပ်မှ အသံထွက် ပြောမိသွားခြင်းဖြစ်၏။

အဲဒီမှာပင် အံ့ဩဖွယ် တိုက်ဆိုင်မှုတစ်ခုကို အားနာစရာ ကောင်းစွာဖြင့် ကြုံတွေ့လိုက်ရလေတော့သည်။

***